**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


**မတ်လ ၁၅ ရက်၊ ၂၀၂၄ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဖေဖော်ဝါရီလ ၂၅- မတ်လ ၁၀ ရက်နေ့ထိ၊၂၀၂၄ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ - ဖေဖော်ဝါရီလ ၂၄ ရက်၊ ၂၀၂၄ | ဖေဖော်ဝါရီလ ၂၅ - မတ်လ၁၀ရက်၊ ၂၀၂၄ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၅၁၁ | ၅ | ၅၁၆ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၃ | | ၃၇၃ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၅၆၄ | ၂၁ | ၅၈၅ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၄၂၄ | ၂၉ | ၁၄၅၃ |
| | ဒီးမော့ဆိုမြို့နယ် | ၆၄၅ | | ၆၄၅ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၈၂ | ၁၀၀ | ၄၈၂ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | ၁၀၀ | ၁၃၂ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ အထိ ၂၀၂၄ | IDPs အသစ် ဖေဖော်ဝါရီလ ၂၅ – မတ်လ ၁၀ရက်၊ ၂၀၂၄ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၈၂၆၁၅** | | **၂၈၂၆၁၅** |



စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဖေဖော်ဝါရီလ၂၅ ရက်နေ့မှ မတ်လ ၁၀ ရက်နေ့ထိ၂၀၂၄ ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
Nam Thabet
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ရှားတော
ဒီးမော့ဆို
ဖရူဆို
ဘောလခဲ
ရွာသစ်
ဖါးဆောင်း
မော်ချီး
မယ်စဲ့
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
ဘီပီ - ၉
# ၁
ဘီပီ - ၁၀
ဘီပီ - ၁၁
# ၂
ဘီပီ - ၁၂
ဘီပီ - ၁၃
ဘီပီ - ၁၄
ဘီပီ - ၁၅
ဘီပီ - ၁၆
အညွှန်း
မြို့နယ်
လက်နက်ကြီးဖြစ် ပစ်ခပ်မှု
လေကြောင်းဗုံးကြဲတိုက်ခိုက်မှု
KA + KNDF + KNPLF + LPDF နှင့်
စကစ တိုက်ပွဲနေရာများ
သိမ်းပိုက်ခြင်းခံ (သို့) ဆုတ်ခွါသွား
သောတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့်
စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers
Source: Esri, Maxar, Earthstar Geographics, and the GIS User Community

ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ကရင်ပူးပေါင်းတပ်ဖွဲ့များမှ ဖားဆောင်းမြို့အား တိုက်ခိုက်ခဲ့သည့်အတွက် မတ်လအစောပိုင်းတွင် စစ်ကောင်စီတပ်မှ တန်ပြန်တိုက်ခိုက်သည့်အနေဖြင့် ဖားဖောင်းမြို့အား လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ကြီးမားသော အဆောက်အဦးပျက်စီးမှုနှင့် ထွက်ပြေးရှောင်မှုများဖြစ်ပေါ်စေခဲ့သည်။ သို့သော်လည်း စစ်ကောင်စီတပ်စခန်းအချို့အား ကရင်ပူးပေါင်းတပ်ဖွဲ့များမှ သိမ်းပိုက်ခဲ့ပြီး စစ်ကောင်စီတပ်သည် ၎င်းတို့၏ ဖားဆောင်းမြို့ရှိ တပ်စခန်းအတွင်းသို့ ဆုတ်ခွါသွားခဲ့ကြသည်။ ထို့အပြင် လွင်ကော်နှင့် ဖယ်ခုံတို့တွင် တိုက်ပွဲများကြောင့် ဒေသခံများ ထွက်ပြေးတိမ်းရှောင် နေကြရပြီး ၎င်းတို့၏ ကျေးရွာအား ကာကွယ်နိုင်ခဲ့မရှိသည့်အတွက် တောမီးများ ကူးစက်လာကာ နေအိမ် ၁၀၀ ကျော် မီးလောင်ပျက်စီးခဲ့သည်။

မတ်လ ၁ ရက်၊ စစ်ကောင်စီတပ်မှလေကြောင်းများစွာဖြင့် ဖားဆောင်းမြို့အား ဗုံးကြဲတိုက်ခိုက်သည့်အတွက် ဘုန်းကြီးကျောင်း အပါအဝင် အရပ်များ၏နေအိမ်ရာနှင့်ချီပြီး မီးလောင်ပျက်စီးသွားခဲသည်။ မြို့ထဲတွင် အရပ်သား ၁၀၀၀ ပိတ်မိနေခဲ့ပြီး ကရင်နီပူးပေါင်းတပ်ဖွဲ့များ၏ ကူညီကယ်ဆယ်မှုကြောင့် လွတ်မြောက်လာခဲ့သည်။

မတ်လ ၃ရက်၊ စစ်ကောင်စီမှ ဖားဆောင်းမြို့အား လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သား ၅ ဦးသေဆုံးကာ ၂၀ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ထိုတရက်တည်းတွင် လွိုင်ကော်မြို့နယ် အရှေ့ဘက်ခြမ်း ကျေးရွာတစ်ရွာအား တောမီးကူးစက်လာမှုကြောင့် အရပ်သားနေအိမ် ၂၉ လုံးမီးလောင်ပျံကြသွားခဲ့သည်။

မတ်လ ၄ ရက်၊ ဖရူဆိုမြို့တွင် ထော်လော်ဂျီးသုံးစီးဖြင့် နေအိမ်ပြည်လည်ကြည့်သော အရပ်သားများအား စစ်ကောင်စီတပ် ခမရ ၅၃၁ မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။



စကစလေကြောင်းတိုက်ခိုက်မှုမှ ပျက်စီးသွားဖားဆောင်းမြို့



တောမီးကြောင့် အရပ်သားအိမ်များ မီးလောင်ပျက်စီး၊ လွိုင်ကော်မြို့နယ်

မတ်လ ၆ ရက်၊ မြို့ပြဲမြို့နယ်တွင် တောင်ယာခင်းထဲမှ နေအိမ်ပြန်လာသော အသက် ၄၈ နှစ်အရွယ်အမျိုးသား တစ်ဦးအား စစ်ကောင်စီထောင်ထားသော မြေမြှုပ်မိုင်းနင်းမိကာ ဘယ်ဘက်လက်နှင့် ခြေထောက်များတွင် ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။

မတ်လ ၉ ရက်၊ ကရင်နီပူးပေါင်းတပ်များမှ ဖားဆောင်း သံလွင်တံတားတွင် တပ်စွဲထားသော စစ်ကောင်စီတပ်အား ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အပြင် စေတီတွင် တပ်စွဲထားသော စစ်ကောင်စီတပ်ကိုလည်း တိုက်ခိုက်ခဲ့ပြီး လက်နက် ၁၇ လက်နှင့် အခြားလက်နက်ခဲယမ်းကိုလည်း သိမ်းဆည်းရမိခဲ့သည်။ ထိုတရက်တည်းတွင် မိုးဗြဲမြို့အား တောမီးကူးစက်လာမှုကြောင့် နေအိမ် အလုံး ၁၀၀ ကျော် မီးလောင်ပျက်စီးသွားခဲ့ကြောင်း မိုးဗြဲပြည်သူ့ ကာကွယ်ရေးတပ် အမှတ် ၁၀၀၁ မှ ထုတ်ပြန်သည်။

**ontact persons:**
Khu Ko Reh Tel: +66 6 5329 7814

Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com